# ရန်ကုန်မြို့၊ ဗဟိုဆောက်လုပ်ရေး သင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပမည့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ ကျင်းပ

## ရန်ကုန်မြို့၊ ဇူလိုင်လ ၁၄ ရက်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) သည် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ) ၊ အစည်းအဝေးခန်းမ၌ ၁၄-၇-၂၀၁၈ ရက်နေ့တွင် ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလုပ်သမားရေးရာဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီနှင့် အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အလုပ်အကိုင်အလိုက် စစ်ဆေးရေးမှူးများနှင့် ကျွမ်းကျင်လုပ်သားများ စုစုပေါင်း (၇၀၈) ဦး တက်ရောက်ခဲ့သည်။

အမြဲတမ်းအတွင်းဝန်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျွမ်းကျင်လုပ်သား ၅,၀၀၀ ဦး စိစစ်အကဲဖြတ်ရေး လုပ်ငန်းစဉ်အရ အောက်မြန်မာပြည်ရှိ Assessment Center များတွင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီအတွင်း အလုပ်အကိုင် (၁၄) မျိုးတွင် ဖြေဆိုအောင်မြင်ခဲ့ သည့် ကျွမ်းကျင်လုပ်သား (၆၂၆) ဦးကို အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန (၉) ခုကို ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန အဖြစ် အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်သူ (၁၉) ဦးတို့ကို အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အလုပ်အကိုင် (၁၈) မျိုးအတွက် (၅၈၅၅) ဦးကို စစ်ဆေးအကဲဖြတ်ခဲ့ပြီး (၅၁၆၄) ဦး အောင်မြင်ခဲ့၍ အောင်မြင်မှုရာခိုင်နှုန်း (၈၀%) ရှိပြီး လျာထားချက်ဖြစ်သည့် လုပ်သား(၅၀၀၀) ဦးထက် ပိုမိုကျော်လွန်စွာ စစ်ဆေးနိုင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ကြားကာလ (၆) လတွင် ကျွမ်းကျင်လုပ်သား (၁၅၀၀) ဦးကို ထပ်မံစစ်ဆေးအကဲဖြတ်ရန်ရှိရာ အလုပ်အကိုင် (၁၃) မျိုးအတွက် ကျွမ်းကျင်လုပ်သား (၅၄၀) ဦးကို ဇွန်လကုန်အထိ ထပ်မံမွေးထုတ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် NSSA အနေဖြင့် ဒေသတွင်းကျွမ်းကျင်မှု၊ နည်းပညာအဆင့်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံ ကျွမ်းကျင်မှု ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှအဆင့်မီ ကျွမ်းကျင်လုပ်သားများ၊ အတတ်ပညာရှင်လူငယ်များဖြင့် အလုပ်အကိုင် (၁၂) မျိုးတွင် သွားရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်မှုပြုလုပ်နေကြောင်း၊ အာဆီယံ ကျွမ်းကျင်မှု ပြိုင်ပွဲများသည် ဒေသတွင်း စက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၏ နောက်ဆုံးပေါ် နည်းပညာအသစ်အဆန်းများကို ဖြန့်ဝေသည့် ပြိုင်ပွဲများဖြစ်၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများဖလှယ်နိုင်ခြင်း၊ တိုးတက်သော နည်းပညာများ လေ့လာဆည်းပူး

နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ရရှိလာသော အတွေ့ အကြုံများ၊ “စံ” နှုန်းများကို မြန်မာနိုင်ငံ အလုပ်အကိုင်“စံ” နှုန်းများတွင် ထည့်သွင်းအသုံးပြုခြင်း ဖြင့် NSSA ၏ အလုပ်အကိုင် “စံ” နှုန်းများကို မြှင့်တင်ပေးရန် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်မွေးထုတ်ပေးခြင်းဖြင့် လုပ်ငန်းခွင်အတွင်း ကုန်ထုတ်စွမ်းအားတိုးတက်မှုကို မလွဲမသွေ အထောက်အကူဖြစ်စေခြင်းကြောင့် အလုပ်ရှင်များအတွက် များစွာအကျိုးရှိစေသဖြင့် ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးရေး လုပ်ငန်းစဉ်တွင် အလုပ်ရှင်များ၏ ပူးပေါင်းပါဝင်မှု အားကောင်းသည်နှင့်အမျှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားဖြစ်စေကြောင်း၊ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရရှိသည့် လုပ်သားများအနေဖြင့် မိမိတို့ တတ်ကျွမ်းထားသည့် အသိပညာ၊ အတတ်ပညာများဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးရန် လိုသလို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် အဆင့်(၄) ရသည်ထိ စဉ်ဆက်မပြတ် သင်ယူ၊ လေ့လာဆည်းပူးပြီး ဒေသတွင်းနိုင်ငံများရှိ လုပ်သားများနှင့် ယှဉ်ပြိုင်နိုင်အောင် ကြိုးစားစေလိုကြောင်း၊ ဒေသတွင်းကျွမ်းကျင်မှုပြိုင်ပွဲများတွင် နိုင်ငံ ကိုယ်စားပြု ဆုတံဆိပ်များ ရယူ၍ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်ပေးရန်လိုကြောင်းနှင့် NSSA ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ စဉ်ဆက်မပြတ် ထုတ်ပေးနိုင်ရေး သက်ဆိုင်ရာအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။